အသံ

# “တစ်ဇုန်တစ်လမ်း”ဖိုရမ်ကို ပေကျင်းမြို့တွင် ကျင်းပ

ဧပြီလ(၁၈)ရက်နေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ“တစ်ဇုန်တစ်လမ်း”အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဖိုရမ်အတွက် မီဒီယာတွေ့ဆုံပွဲကို ကျင်းပခဲ့သည်။ နိုင်ငံ(၂၈)နိုင်ငံမှ သမ္မတနှင့် အစိုးရအကြီးအကဲများအပြင် နိုင်ငံပေါင်း (၁၁၀)ကျော်မှ အရာရှိများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ငွေရေးကြေးရေးလုပ်ငန်းဌာနများ၊ မီဒီယာများစသည့် ကဏ္ဍပေါင်းစုံမှ လူကြီးမင်းများစွာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (၆၁)ခုမှ တာဝန်ရှိသူနှင့် ကိုယ်စားလှယ် များ (၈၉)ဦးက ဖိုရမ်သို့ တက်ရောက်သည်ဖြစ်ကြောင်း သိရှိရသည်။ ထိပ်သီး ဖိုရမ်သို့တက်ရောက်သော ကိုယ်စားလှယ် ဦးရေစုစုပေါင်းသည် (၁၂၀၀)ကျော်ရှိနိုင်မည်။ အဆိုပါဖိုရမ်သည် “တစ်ဇုန်တစ်လမ်း”တည်ဆောက်ရေးအဆင့် တစ်ဆင့်မြှင့်တင်နိုင်ရေး အတွက်တွန်း အားဖြစ်စေနိုင်သည် သာမက အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ကျ ကျအကောင်အထည်ဖော်ဆောင်နိုင်ရေးကို အထူးဂရုပြုသော အပြည်ပြည်ဆိုင်ရာ ထိပ်သီးအစည်းအဝေးပုံစံသစ်လည်းဖြစ်စေသည်။ အပြည်ပြည်ဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအခြေ အနေအသစ်တစ်ရပ်ကိုလည်းဖြစ်လာစေမည်။

ထိပ်သီးဖိုရမ်သည်လက်တွေ့မဆန်သော အကြောင်းအရာများကိုဆွေးနွေးခြင်းမဟုတ်ပါ၊ လေစကား အပြောသာရှိခြင်းမဟုတ်ပါပေ။ အကျိုးဖြစ်ထွန်းသော အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းကို တည်ဆောက်ရန်ရည်ရွယ်ထားသည်။ မဟာဗျူဟာ အပြန်အလှန်ဖလှယ်ဆက်ဆံခြင်း အပြန်အလှန်ချိတ်ဆက်ခြင်း၊ စီးပွားရေးကူးသန်းရောင်းဝယ်ရေး၊ ငွေရေးကြေးရေးရင်းနှီးမြှုပ်နှံမှု၊ ပြည်သူ့စိတ်နေသဘောထားနှင့် အကြံပေးအဖွဲ့အစည်း စသည့် အပိုင်းကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဦးတည်ချက်ကို လက်တွေ့ကျကျ ဆွေးနွေးကြပြီး အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်သော နည်းလမ်းကိုရှာဖွေကြသည်ဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆိုလျှင် ထိပ်သီးဖိုရမ်သည် သစ်လွင်သော တစ်ကမ္ဘာလုံးကိုထိန်းချုပ်နိုင်သော ဆွေးနွေးမှုပုံစံကိုအသိအမှတ်ပြုသည်။ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် ကမ္ဘာ့တိုက်ကြီးများစွာမှ ရောက်ရှိလာကြသူများဖြစ်သည်။ အစည်းအဝေးသို့ တက်ရောက်ကြသောအရာရှိများသည် ဥရောပအာရှတိုက်မှ အဓိကပါဝင်ကြပြီးကမ္ဘာ့ဒေသအနှံ့တွင်ရှိသော အရေးကြီးနိုင်ငံများလည်းပါဝင်သည်။ အထူးသဖြင့်တိုးတက်ဖွံ့ဖြိုးဆဲနိုင်ငံများကို အဓိကထားသည်။ ထို့ကြောင့်ထိပ်သီး အစည်းအဝေးတွင် ခေတ်သစ်စီးပွားရေးစနစ်၊ နောက်နောင်တွင် ဖွံ့ဖြိုးတိုးတက်လာမည့်နိုင်ငံများက အမှန်တကယ်စိတ်ဝင်စားသော အကြောင်းအရာများကို အထူးဂရုပြုပြီး ဆွေးနွေးကြသည်။ ဆွေးနွေးမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံ၏ တိုးတက်မှုဟန့်တားနေသောပြသနာများနှင့်ဆိုင်သည်။ “တစ်ဇုန်တစ်လမ်း”အကြံပြုချက်မှတင်ပြသော အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှု၊ အတွေ့အကြုံသုံးသပ်ချက်များကြောင့် “ချမ်းသာသောနိုင်ငံသည် ဆက်လက်ချမ်းသာမည်။ ဆင်းရဲသောနိုင်ငံသည် ဆက်လက်ဆင်းရဲမည်။” ဟူသော အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အနှုတ်သဘောဆောင်ခြင်းကိုပြောင်းလဲပေးနိုင်မည့် အခွင့်အရေးများဖြစ်ပေါ်လာစေမည်။

နိုင်ငံခြားဆက်ဆံရေးအရဆိုလျှင် ထိပ်သီးဖိုရမ်အပြန်အလှန်ဖလှယ်ဆက်ဆံရာတွင် နိုင်ငံအများအပြားအကျိုးတူရရှိသော ပူးပေါင်းဆောင်ရွက်သောပုံစံအသစ်ကိုဖန်တီးသွားသည်ဖြစ်သည်။ ထိပ်သီးဖိုရမ်သည် အတူတကွတည်ဆောက်ခြင်း၊ အတူတကွဖလှယ်ဆက်ဆံခြင်း၊ အတူတကွမျှဝေခြင်း အစရှိသောအကျိုးတူပူးပေါင်းဆောင်ရွက်မှု ပုံစံကိုဖြစ်ပေါ်စေသည်။ တစ်ဦးတည်းအနိုင်ရရှိခြင်းကို မလိုလားဘဲ အများအတူအနိုင်ရယူခြင်းကိုလိုလားသည်။ အာဏာရှိတစ်ဦးတည်းသာ ဦးဆောင်သော ပုံစံကိုမလိုလားဘဲ နိုင်ငံအများက အတူတကွဆွေးနွေးတိုင်ပင်ခြင်းကို လိုလားသည်။ အလှမ်းဝေးသော မျှော်လင့်ချက်ကိုမထားဘဲ နိုင်ငံရေးသဘောထားတူညီမှုကို လက်တွေ့ကျသည့်စီမံကိန်းအဖြစ် တည်ဆောက်ခြင်းကို အကောင်အထည်ဖော်ရန်ကြိုးစားသည်။

နိုင်ငံကြီး၏ ပေးဆပ်မှုအနေဖြင့် ထိပ်သီးဖိုရမ်သည် နိုင်ငံအနေနှင့်တာဝန်ယူမှုပုံစံအသစ်ကို တည်ဆောက်သည်။ ထိပ်သီးဖိုရမ်သည် ယခင်ကတရုတ်နိုင်ငံမှ ဦးစီးကျင်းပခဲ့သော G20၊ APEC စသည့် အပြည်ပြည်ဆိုင်ရာ နိုင်ငံများအလှည့်ကျ ကျင်းပသောထိပ်သီးအစည်းအဝေးများနှင့်မတူပေ။ ၎င်းသည်တရုတ်နိုင်ငံမှ ပထမဆုံးအကြိမ် ဧည့်သည်တော်များကို ကိုယ်တိုင်ဖိတ်ကြားသော၊ ဆွေးနွေးပွဲခေါင်းစဉ်များကို ကိုယ်တိုင်သတ်မှတ်သော၊ တရုတ်ပြည်တွင်း၌ကျင်းပသော တစ်ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးဖြစ်သည်။ ၎င်းသည် တိုးတက်လာသော နိုင်ငံကြီးက ကမ္ဘာသို့ ပေးအပ်လိုသော စိတ်ထားကို ကိုယ်စားပြုသည်။ တရုတ်နိုင်ငံသည် တကယ်အနက် အဓိပ္ပာယ်ရှိသော တစ်ကမ္ဘာလုံးဆိုင်ရာ ဖိုရမ်တစ်ခုကို ကျင်းပခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများကိုမျှဝေခြင်း၊ ပြည်တွင်းအတော်အသင့်ပေါများကြွယ်ဝသော အရင်းအနှီးများ၊ ထုတ်လုပ်နိုင်စွမ်းရည်၊ အခြေခံအဆောက်အဦးတည်ဆောက်ခြင်း အခြားနိုင်ငံ၏ လိုလားချက်များနှင့် ကိုက်ညီအောင်ချိတ်ဆက်ပေးသည်။ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုများကိုစုစည်းသည်။ တရုတ်နိုင်ငံသည် “တစ်ဇုန်တစ်လမ်း”အပေါ်တွင်ထားရှိသော စိတ်ထားဖြူစင်မှု၊ ရိုးသားမှုနှင့်ပေးအပ်မှုဝေလိုမှုတို့သည် အနောက်တိုင်းနိုင်ငံပညာသင်ရိုးများမှာ နိုင်ငံတကာဆက်ဆံရေး သီအိုရီများထဲတွင် ဖော်ပြထားသော “နိုင်ငံကြီးတိုးတက်ခြင်း၊ ပျက်ပြားခြင်း” ဆိုင်ရာစာစောင်များနှင့် လေ့ဂျစ်များကိုပြန်လည်ရေးသားစေရတော့မည်ဖြစ်သည်။

ဝမ်ဝံ(တရုတ်နိုင်ငံပြည်သူ့တက္ကသိုလ်ခြံရုမ် ငွေရေးကြေးရေးအကယ်ဒမီ အမှုဆောင် ကျောင်းအုပ်၊ ပါမောက္ခဖြစ်သည်။ ယခုစာပိုဒ်တွင်တည်းဖြတ်မှုအချို့ရှိသည်။

# မြန်မာနိုင်ငံရောက်တရုတ်လုပ်ငန်းအဖွဲ့များနှင့် မြန်မာနိုင်ငံနယ်ပယ်အသီးသီးမှကိုယ်စားလှယ်များတို့သည် စကားဝိုင်းကျင်းပပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုပိုမိုဖြစ်ထွန်းစေခြင်း

ဆင်ဟွာသတင်းဌာန မြန်မာနိုင်ငံ မန္တလေးမြို့၌ မေလ(၁)ရက်နေ့တွင် ပေးပို့သောသတင်းအရ မြန်မာနိုင်ငံရောက် တရုတ်လုပ်ငန်းဖြစ်သော တရုတ်အမျိုးသားရေးကောပိုရေးရှင်း အရှေ့တောင်အာရှပိုက်လိုင်းကုမ္ပဏီလီမိတက်သည်လတ်တလောရက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော မန္တလေးမြို့၌“မြန်မာနိုင်ငံရောက်တရုတ်လုပ်ငန်းအဖွဲ့များ”ဟူသော အဓိကခေါင်းစဉ်ဖြင့်စကားဝိုင်းကိုကျင်းပခဲ့ပြီး တရုတ်မြန်မာနှစ်နိုင်ငံ လုပ်ငန်းရှင်များအကြား အပြန်အလှန်သိကျွမ်းမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ထွန်းစေနိုင်သည်။

မန္တလေးမြို့အခြေစိုက်တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ဝမ်ကျုံရင်(ဦးကျော်ရင်)က အစည်းအဝေးတွင် ထိုကဲ့သို့ ပြောကြားသည်။ တရုတ်မြန်မာနှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ကြသည်။ နယ်ပယ်ကဏ္ဍအသီးသီးတွင်လည်း ချစ်ကြည်ရင်းနှီးစွာ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများရှိသည်။ ဥပမာ-အရှေ့တောင်အာရှပိုက်လိုင်းကုမ္ပဏီလီမိတက်မှ တရုတ်မြန်မာရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ တရုတ်နိုင်ငံ သတ္တုနီကယ်လုပ်ငန်း CNICO (မြန်မာ)၏ တကောင်းတောင်နီကယ်သတ္တုတွင်း၊ ဟိုင်လောဘိလပ်မြေစက်ရုံ စသည်တို့ဖြစ်သည်။ အဆိုပါစီမံကိန်းများသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအကျိုးသက်ရောက်မှုများကို ဖြစ်စေခဲ့ပါသည်။

တရုတ်မြန်မာ ရေနံဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် ၂၀၁၀ခုနှစ် ဇွန်လတွင် လုပ်ငန်းစတင်ခဲ့သည်။ ၎င်းအနက် တရုတ်မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၃ခုနှစ်တွင် ဓာတ်ငွေ့ပို့ဆောင်မှုများလုပ်ဆောင်ခဲ့သည်။ တရုတ်မြန်မာရေနံပိုက်လိုင်းသည် ယခုနှစ်ဧပြီလ(၁၀)ရက်နေ့တွင်တရားဝင်စတင်ကာ လုပ်ငန်းလုပ်ဆောင်လည်ပတ်ခဲ့သည်။“သီတင်းပတ်ကုန်စကားဝိုင်း”သည် မန္တလေးတိုင်းဒေသကြီး မြန်မာတရုတ်ချစ်ကြည်ရေးအသင်းနှင့် မြန်မာနိုင်ငံတရုတ်ပညာတော်သင် ကျောင်းသားဟောင်းများအသင်းတို့မှ အတူပူးပေါင်းကျင်းပသော အစီအစဉ်တစ်ရပ်ဖြစ်သည်။ တရုတ်နိုင်ငံအကြောင်းကို မြန်မာနိုင်ငံသားများအား ပိုမိုသိကျွမ်းလာစေရန်၊ နှစ်နိုင်ငံပြည်သူလူထုအကြား ဖလှယ်မှုများဖြစ်ထွန်းစေရန်ရည်ရွယ်ထားပါသည်။ အဆိုပါအစီအစဉ်သည်သုံးကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။



ယခုအကြိမ်စကားဝိုင်းသည်အရှေ့တောင်အာရှပိုက်လိုင်းကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံတွင်ရှိသော တရုတ်လုပ်ငန်းများအကြောင်းကို အဓိကမိတ်ဆက်ပေးခြင်းဖြစ်သည်။ အဆိုပါစကားဝိုင်းသို့ တက်ရောက်ခဲ့သူများမှာ မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ရုံးမှ အဖွဲ့ဝင်များ၊ မန္တလေးမြို့တရုတ်လူမျိုးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူများ၊ မန္တလေး တက္ကသိုလ်ကျောင်းသားများအသင်း စသည်တို့ဖြစ်ပါသည်။

**သတင်းထောက် - လီမေရှင်း**